majestic publishing

# အဖြူဆုံးငှက်ကလေး



nai 2008

အဖြူဆုံးငှက်ကလေး

အားလုံးထဲမှာ အဖြူဆုံးငှက်ကလေး ပျံသန်းသွားပြီ

ငါ မင်းကို ချစ်ခွင့်ရပြီ

သိမ်မွေ့တဲ့ ပြတင်းပေါက်လေးမှာ

သိမ်မွေ့တဲ့ ပြတင်းရွက်ဟာ ယိမ်းနွဲ့လို့

ငြိမ်သက်တဲ့ သစ်ပင်ဟာ

ငြိမ်သက်တဲ့ အခန်းထဲ ခြေလှမ်းလှမ်းလို့ဝင်ခဲ့ပေါ့။

မင်းဟာ ဒီအနားမျာ မရှိသယောင်နဲ့

မင်းဟာ ဒီအနားမှာ ရှိနေတယ်

ငါ့ဆီက လွတ်မြောက်သွားတဲ့ ပန်းတစ်ပွင့်ကို မင်းဖမ်းရဲ့

အဲဒီ ပန်းဟာ အဖြူရောင်မဟုတ်ဘူး

အဲဒီ ပန်းဟာ အနီရောင်မဟုတ်ဘူး

အဲဒီ ပန်းဟာ အပြာရောင်မဟုတ်ဘူး

ဒါပေမယ့် အဲဒီ ပန်းပွင့်ကို မင်းယူခဲ့ပြီ

ဒီနေရာမှာ ဘယ်တုန်းကမှ မရှိခဲ့တဲ့ ပန်းကလေး

ဒီနေရာမှာ အမြဲနေထိုင်လိမ့်မယ်

ငါတို့ ဘယ်တုန်းကမှ ဒီလို မဖြစ်စတည်ခဲ့ဘူး

ငါတို့ ပန်းပွင့်နဲ့အတူ ရှင်သန်ရဲ့။

**Vivian Smith's The whitest bird of all**

*

**အချစ်ကဗျာ**

ကျယ်လောင်တဲ့ အသံတွေဟာ လိုအပ်ပါတယ်
သံနဲ့လုပ်တဲ့ လျှာခင်းတွေ ..
ကနေ့တော့ သိမ်မွေ့နူးညံ့တဲ့
အချစ်သန့်သန့် အချစ်စကားလုံးလေးတွေပဲ
ပြောပါ အချစ်ရယ်။

**Nelo Risi's Poem**

* * *

ရုတ်တရက်

ရုတ်တရက်

လမ်းရဲ့ ရှုပ်ယှက်ခတ်ပန်းချီကားထဲက

ဩဇာအပြည့် မင်းမျက်နှာ

ဩဇာအပြည့် မင်းခြေထောက်

မင်း ငါ့ဆီ ချဉ်းကပ်လာမှုက တစ်ဝက်

မင်းကို ငါ ဖြတ်သန်းမှုက တစ်ဝက်

မင်းရဲ့ကိုယ်လုံးကို

အပြည့်မမြင်လိုက်ရဘဲ မင်း တိုးဝင်သွားပုံမှာ

ငါ အသည်းကွဲ။

မင်း အဝေးကို ရွေ့

မင်းရဲ့ပုံရိပ် တစ်ပိုင်းတစ်စကို

လမ်းပေါ်က လူတွေက ကိုက်ညှပ်ပစ်တော့

သေးငယ်မှုဆီသို့ ..မင်း ပိုလို့သေးငယ်

အပိုင်းအစ..

မင်းဆီက မင်း ဘာမှ ချန်မထားရစ်ခဲ့

မင်းပျောက်ကွယ်သွားပြီ

ရုတ်တရက်…

**Miron Bialoszewski's Suddenly**

*** * ***

နှလုံးသားထဲက သံပုရာပင်

နှလုံးသားရဲ့ အလယ်တည့်တည့်မှာ အပွင့်ဝေဝေ သံပုရာပင်လေးတစ်ပင်

သံပုရာပင်လေးရဲ့အောက်မှာ ဒယ်အိုးကြီးတစ်လုံးကို မြှုပ်ထားပြီး

ဒယ်အိုးထဲမှာ တိမ်တိုက် ဆယ့်နှစ်ခု

တိမ်တိုက်တွေထဲမှာ ပျိုရွယ်လန်းဆန်းတဲ့ နေတစ်စင်း

ငါတို့ဟာ နှလုံးသားကို ထိုးဖောက်ပြီး ဒယ်အိုးကြီးကိုရအောင်တူးဖော်

တိမ်တိုက် ဆယ့်နှစ်ခုကို ကော်ထုတ်ကြ

ဒယ်အိုးကြီးက နေလုံးနဲ့အတူ မြေလျှိုးပြီး ထွက်ပြေးသွားရဲ့

ငါတို့ နက်သထက် နက်အောင် တူးဖော်ကြ

ငါတို့ ကိုယ်ပိုင်ဘဝတွေထက် နက်ရှိုင်းအောင် တူးဖော်ကြ

ငါတို့ တူးဖော်ထားတဲ့ အနက်ရှိုင်းဆုံးနေရာကို သုံးသပ်

ငါတို့တစ်တွေ နွေးထွေးမှုရဖို့ သံပုရာပင်ကို ခုတ်လှဲချလိုက်မိ

အေးစိမ့်မှုဟာ ငါတို့နှလုံးသားကို ဖျစ်ညှစ်လိုက်ရဲ့။

# Vasko Popa's The Line in the midst of the heart

*

မိုးဇတ်

မိုးဇတ် ပန်းခြံထဲ လမ်းလျှောက်စဉ်
အေးစိမ့်စိမ့် ရေရဲ့နံဘေးမှာ စိတ်ပင်ပန်းခဲ့

သတိရနေမိတယ်
ဦးနှောက်မရှိတဲ့ ခပ်ထုံးထုံး ကောင်မလေးရယ်
သုန်သုန်မှုန်မှုန်နဲ့ ကုန်ထမ်းသမားတွေရယ်
နှာချေဆေးဗူးလေးထဲက သီချင်းဆိုငှက်ရယ်
လူ့ရှင်တော်ရဲ့ ဟာသနှာခေါင်းရယ်
သံမဏိနှင်းဆီရဲ့ အပြာရောင် ပွင့်ဖတ်ကလေးတေ
ပြိန့်ကြဲနေခဲ့မှုရယ်...

**John Heath-Stabb's Mozart**

* * *

## ဥပမာအလင်္ကာများ

ငါဟာ စကားထာ၊ ဆင်တစ်ကောင်၊

တွေးခေါ်တတ်တဲ့ အိမ်၊ နွယ်တွေအကြား

လိမ့်လူးနေတဲ့ ဖရဲသီးတစ်လုံး၊

အနီရောင်ပန်းသီး၊ ဆင်စွယ်၊ လှပတဲ့

ပျဉ်းကတိုးသားများ၊ ပွဆေးတွေနဲ့ ဝဖီး

နေတဲ့ ပေါင်မုန့်ကြီး၊ ငါ့ ပိုက်ဆံအိတ်

ထဲမှာ အသစ်ကျပ်ချွတ် ငွေစက္ကူများ၊

ငါဟာ လူချမ်းသာ၊ စင်မြင့်၊

နွားပေါက်စနရဲ့ အမေ နွားမကြီး၊

ပန်းသီးတွေ အများကြီး ငါစားပြီးပြီ၊

ရထားပေါ်..တက်လိုက်တယ်

ပြန်ဆင်းဖို့ခက် ထွက်လည်းမထွက်။

**Sylvia Plath’s Metaphors**

* * *

ရုပ်ရှင်အစစ်

တောက်ပတဲ့ နှင်းတွေဖြည့်သွင်းထားတဲ့ ရှုမျှော်ခင်းကို ရုပ်ရှင်ကင်မရာက ရှင်းလင်းဖယ်ရှားနေတယ်။ လိမ့်နေတဖ် တောင်တွေ၊ အနက်ရောင်သစ်ပင်ကြီးတွေ၊ အေးခဲနေတဲ့ မြစ်တစ်စင်း။ နှင်းတွေက ကျပြီးရင်းကျလို့။

ရုပ်ရှင်ကင်မရာဟာ နှင်းဖုံးလွှမ်းတဲ့ ရှုမျှော်ခင်းရဲ့ အလယ်ခေါင်က လက်တင်ပါတဲ့ ကုလားထိုင်တစ်လုံးထဲက တင်နီဆန်ကိုရှာဖွေတာ ရုပ်လိုက်တယ်။

တင်နီဆန်

ဒီမှာ နှင်းတွေ ကျနေတယ်။ နှင်းတွေဟာ နှင်းတွေဟာ ထုခွဲချေမွခံထားရတဲ့ ခေါင်းကိုက်ပျောက်ဆေးပြားလို စက္ကူအပိုင်းအစတွေလို၊ မဟုတ်ဘူး၊ နှင်းတွေဟာ ဇာပါးပါးပတ်တီးစတွေလို၊ သန့်ရှင်းတဲ့သွား၊ ရှူးဖိနပ်ကြိုးများ၊ ကားမီးရောင်..မဟုတ်ဘူး၊ ဒီအတွက် ငါ့မှာ ခွေးတစ်ကောင် ဝါးစားတာခံနေရတဲ့ တီရှပ်ပွပွကြီးတစ်ထည်လို၊

နှင်းတွေဟာ ပေါက်ပေါက်ပွင့်၊ မြေဖြူခဲ၊ သစ်တော
မီးခိုး၊ ပြာမှုန်။ ဆပ်ပြာခဲ၊ နှင်းပန်း
အထီးကျန်မှု၊ နေ့ခင်းအိပ်မက်..အိုး ငရဲ၊
ဒီမှာ ခင်ဗျားကိုကို ခင်ဗျား မြင်နိုင်သလား
ဒါဟာ ငါမုန်းတဲ့ ရုပ်ရှင်ကား
သူ သေပြီ။

**Tom Andrew's Cinema Verite**

**(the best american POETRY 1994)**

*